# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ဒုတိယနေ့အစီအစဉ်

## ( ၃ – ၆ –၂၀၂၆ ) ( ဗုဒ္ဓဟူးနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်ရှိ ဗွက်ကြီးချောင်းတံတားထိပ်နှင့် ကြေးနီချောင်း တံတားထိပ်တွင် တံတားအသုံးပြုခွင့် ဂိတ်နှင့် လမ်းအသုံးပြုခွင့် ကောက်ခံဂိတ်တို့ ပေါင်းစပ်ဖွင့်လှစ်ထားရှိသည်ကို တွေ့ရှိရပါသဖြင့် အောင်လံမြို့သူ မြို့သားများသည် မိမိတို့နေထိုင်ရာ မြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ် (၂) ဂိတ်တို့၏ အသုံးပြုခွင့်ကောက်ခံခြင်းကို ပေးဆောင် နေကြရကြောင်း စိစစ်တွေ့ရှိရပြီး ဗွက်ကြီးတံတားဂိတ် တစ်ခုတည်းသာထားရှိ ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသဖြင့် အောင်လံမြို့ရှိ ကြေးနီချောင်းဂိတ်ကို အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပ သင့်လျော်သော နေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်နှင့် ပြောင်းရွှေ့ပေးမည်ဆိုပါက မည်သည့် အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည်အစီအမံများ ချမှတ်၍ ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်၏**မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်ရှိ တောင်သမန်အင်းအတွင်း ပွားများနေသော ဗေဒါပင်များကို ပိုမိုရှင်းလင်းနိုင်စေရေး၊ ထပ်မံမရောက်စေရေး၊ မပွားများစေရေးနှင့် သန့်ရှင်းသာယာသော အင်းရေပြင်ဖြစ်ရေးတို့အတွက် မည်သို့ဆောင်ရွက် ပေးသွားမည်၊ နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးမြေများ ယခုထက် ပေါ်ထွန်းလာစေရေးအတွက် ရေဝပ်ဧရိယာ နည်းပါးအောင် မည်သို့ လုပ်ဆောင်သွားမည်၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာပြန်လည် ဖြစ်ပေါ်လာစေရေး မည်သို့စီမံ ဆောင်ရွက်သွားမည် တို့ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်၏ **ကလေးမြို့ မြောက်ပိုင်း ကျေးရွာ အများစုမှာလည်း ဓာတ်အားလိုင်းများ သွယ်တန်းပြီး လျှပ်စစ်မီးများ ရရှိနေပြီးဖြစ်သော်လည်း ယခုအခါရေအားလျှပ်စစ်စက်ပစ္စည်း (Berrim) များ ပျက်စီးနေခြင်း၊ ရေလှောင်တမံထဲတွင် နုန်းများရှိနေခြင်းကြောင့် အသုံးမပြုနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီး ဖြစ်ပါသဖြင့် ယခင် စီမံကိန်း ရှိသည့်အတိုင်း ကလေးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်ရရှိ နိုင်ပါရန် ရာဇဗြိုလ်ဘက်စုံ ရေလှောင်တမံအား ပြန်လည်ပြုပြင် မွမ်းမံ ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) စိုင်းစိန်ဝင်း၊လဲချားမဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ ဘဝအတွက် လိုအပ်သည့် လုံလောက်သည့် ချေးငွေများ၊ စက်မှုကို အထောက်အကူ ဖြစ်စေသည့်လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာ များနှင့် စျေးကွက်များ ဖန်တီးပေးရေးတို့ကို နိုင်ငံတော်အစိုးရမှ ကူညီ**

**ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်မရှိပါက ဦးစားပေး အနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်တို့အား သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဆမ်၊ မိုင်းယန်းမဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ်၊ မိုင်လွေကျေးရွာအုပ်စု၊ ဝမ်တောင်ကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိ၊ တည်ဆောက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာဌေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်က **"လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံ စျေးနှုန်းထိန်းညှိရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်း ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။